Email: aa.arakanarmy@gmail.com

**ရက္ခိုင်ပြည်တပ်မတော် (Arakan Army)**

# သဘောထားထုတ်ပြန်ကြေငြာချက်

၀၂ / ၂၀၁၅

၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၅) ရက်

၁။ ရက္ခိုင်ပြည်တွင်း၌ ယနေ့ဖြစ်ပွားလျှက်ရှိသော လက်နက်ကိုင်ပဋိပက္ခသည် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုတို့ကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ အစိုးရအဆက်ဆက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းရန် ပျက်ကွက်ခဲ့သည့် (ပျက်ကွက်နေသည့်) နောက်ဆက်တွဲရလဒ်ဖြစ်သည်။

၂။ သို့ဖြစ်ပါ၍ မိမိတို့ရက္ခိုင်ပြည်တပ်မတော် (Arakan Army) အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာ ဆောင်သည့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတိုင်းသည် သက်ဆိုင်ရာလူမျိုးစုတို့၏ အမျိုးသားရေးပိုင်ခွင့်ကို အခြေခံလျှက် သမိုင်းတန်ဖိုးရှိရှိ ဖြစ်တည်လာခဲ့ကြသည်ဆိုသောအချက်ကို အသိအမှတ်ပြုပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရာတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံးကို ထည့်သွင်းစဉ်းစားရန် လိုအပ် ကြောင်း (လွှတ်တော်၊ အစိုးရနှင့် တပ်မတော်)သို့ ဆန္ဒပြုသည်။

၃။ လက်နက်ကိုင်ပဋိပက္ခအတွင်း၌ အရပ်သားအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ စစ်ဘေးဒုက္ခသည် လူထုအား စားနပ်ရိက္ခာနှင့် ပြန်လည်ထူထောင်ရေး အကူအညီများ ထောက်ပံ့ရန် ပျက်ကွက်ခြင်း၊ အဆိုပါအားထုတ်မှုများအား ပိတ်ပင်တားမြစ်ခြင်း၊ ကန့်သတ်ခြင်းစသည့် လုပ်ရပ်များမှာ နိုင်ငံတကာ တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများ ကျင့်သုံးရမည့် (ကျင့်ဝတ်) (Code of Conduct) နှင့် စစ်ဆင်မှုဆိုင်ရာစည်းကမ်း (Rule of Engagement) တို့ကို ဖောက်ဖျက်ရာကျသဖြင့် သက်ဆိုင်ရာများ က ပြန်လည်သုံးသပ်၍ ဖောက်ဖျက်ကျူးလွန်မှုများအတွက် ထိရောက်စွာ အရေးယူ ဆောင်ရွက်စေလိုပါသည်။

၄။ မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးစုပြည်သူများအကြား နှစ်ပေါင်း (၇၀)နီးပါးဖြစ်ပွားနေသော ပြည်တွင်း စစ်သံသရာမှ လွတ်မြောက်နိုင်ရေးအတွက် အာဏာလက်ကိုင်ပြုအစိုးရအနေဖြင့် စစ်မှန်တရားမျှတ၍ ဂုဏ်သိက္ခာရှိသော အားလုံးပါဝင်သည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲတို့အား အမြန်ဆုံး ဖော်ဆောင်ကြရန် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။

ဗဟိုစစ်ဦးစီးအဖွဲ့
ရက္ခိုင်ပြည်တပ်မတော် (Arakan Army)
ဌာနချုပ်၊ အရှေ့တက်စခန်း

ဆက်သွယ်ရန် -

ဗိုလ်မှူးကြီးခိုင်သုခ (စစ်ဦးစီးချုပ်၊ ရက္ခိုင်ပြည်တပ်မတော်) ဖုန်း- +၈၈ (၀) ၈၈၀၄၇၅၈၈၇၉